ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်

National Community Driven Development Project

**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဆိုလဖဲခိုကျေးရွာ ၊ မြလဲကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ဆိုလဖဲခိုကျေးရွာ ၊ မြလဲကျေးရွာအုပ်စု


## မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ......................................................................၁
ကျေးရွာအုပ်စုမြေပုံ......................................................................၂
ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း ......................................................................၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ ......................................................................၄
   လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက်......................................................................၅
   ကျေးရွာသမိုင်းအကျဉ်းချုပ်......................................................................၅
   ဥစ္စာဓနေ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း ......................................................................၇
      ဥစ္စာဓနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက် ......................................................................၇
   ကျား/မ ပင့်ကူအိမ် ......................................................................၈
      ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်......................................................................၉
   အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ......................................................................၁၀
      အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်......................................................................၁၁
   ရာသီခွင်ပြ ပြက္ခဒိန် ......................................................................၁၂
      ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက် ......................................................................၁၂
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ......................................................................၁၅
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ **(PC-၁)**......................................................................၁၆
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)......................................................................၁၉
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃) ......................................................................၂၀
နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ......................................................................၂၂
ကျေးရွာအစည်းအဝေးမှတ်တမ်းများ ......................................................................၂၃
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်......................................................................၂၄

# ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



# ကျေးရွာအုပ်စုမြေပုံ




မြလဲကျေးရွာအုပ်စုမြေပုံ
မြောက်
အနောက်
အရှေ့
တောင်
ကျေးရွာ
အုပ်စုကျေးရွာ
ရေထွက်ပေါက်
လမ်း
နန်းစံဖူးရေချောင်း
ဖါသောခီရှာတောင်း
ထီးဆိုတော်ရှာတောင်း
စီစန်ခို
လော်ခိုသာ
လိုဘောခို
ဆိုလဖဲခို
လှိုင်နန်းဇ
တောဖေခို
ထီးဆိုတော်လယ်တု
မြလဲ
နန်းစံဖူးရေထွက်ပေါက်
ဆီးပူတုန်
ဆီးမီဆုပို
ဆီးမီဆိုဒါး

## ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | မြလဲ | ၇၅ | ၂၀၁ | ၃၈၁ | ၅၈၂ |
| ၂ | စီးမီဆိုဒါ | ၂၂ | ၅၈ | ၅၄ | ၁၁၂ |
| ၃ | စီးမီဆိုလာ | ၅၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၄ | ဆိုလဖဲခို | ၃၀ | ၇၃ | ၇၅ | ၂၄၈ |
| ၅ | စီစန်းခို | ၄၁ | ၁၁၅ | ၁၂၅ | ၂၄၀ |
| ၆ | လွိုင်နန်းဖ | ၃၄ | ၉၂ | ၈၂ | ၁၇၄ |
| ၇ | လိုဘောခို | ၃၆ | ၈၆ | ၉၃ | ၁၇၉ |
| ၈ | ဝါသောခိုရွာဟောင်း | ၃၃ | ၉၁ | ၇၅ | ၁၆၆ |
| ၉ | ထီးဆော်ဒေါရွာဟောင်း | ၅ | ၁၀ | ၁၂ | ၂၂ |
| ၁၀ | တေးဂေခို | ၆၁ | ၁၆၀ | ၁၅၉ | ၃၁၉ |
| ၁၁ | ဆီးပူကုန်း | ၃၀ | ၇၈ | ၈၃ | ၁၆၁ |
| ၁၂ | လော်ခိုသာ | ၂၇ | ၇၆ | ၇၅ | ၁၅၁ |
| ၁၃ | ထီးလယ်ကုန်း | ၂၇ | ၆၈ | ၆၀ | ၁၂၈ |
| စုစုပေါင်း | | ၄၇၂ | ၁၂၂၃ | ၁၃၉၀ | ၂၆၁၃ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



## လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဆိုလဖဲခိုကျေးရွာသည် အိမ်ခြေ(၃၁)အိမ်ရှိပြီး ကျား(၇၆)ဦး+မ(၆၆)ဦး စုစုပေါင်း(၁၄၂)ဦး ရှိပါသည်။ ကျေးရွာသည် အုပ်စုကျေးရွာမှ(၂)မိုင် အကွာတွင်တည်ရှိသည်။ ကျေးရွာနှင့်အုပ်စုကျေးရွာတွင် ကွန်ကရစ်လမ်းဖြင့်ဆက်သွယ်ထားသည်။ အရှေ့ဘက်တွင် လွိုင်နန်းဖကျေးရွာရှိပြီး မြောက်ဘက်တွင် လိုဘာခို ကျေးရွာရှိသည်။

ကျေးရွာသောက်သုံးရေအတွက် ကျေးလက်နှင့် ACF အဖွဲ့အစည်းမှ မိုးရေလှောင်ကန်များ တည်ဆောက်ပေးထားသော်လည်း ကျေးရွာအတွက် ရေလုံလောက်မှု မရှိသေးပါ။ ကျေးရွာတွင် စာသင်ကျောင်း မရှိသဖြင့် လွိုင်နန်းဖ ကျေးရွာသို့ ပညာသွားရောက် သင်ကြားရပါသည်။ ကျေးရွာတွင်တည်ရှိသော လူမှုအဆောက် အဦးမှာ ဘုရားကျောင်းသာဖြစ်သည်။ မူကြိုကျောင်းလည်းတည်ရှိသည်။

အဓိကစီးပွားရေးမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ အိမ်တိုင်းလယ်ယာမြေ ရှိသော်လည်း အကုန် အကျစရိတ်များသောကြောင့် တစ်နှစ်တာဝမ်းစာဖူ လုံမှုအတွက် အိမ်ထောင်စုအများစုမှာ အခက်အခဲရှိသည်။ စိုက်ပျိုးလျက်ရှိသော သီးနှံများမှာလည်း မြေသြဇာမဝယ်နိုင်ခြင်း၊ သဘာဝမြေဆီလွှာမကောင်းခြင်း၊ ပိုးမွှားကျ ရောက်ခြင်း၊ တိရစ္ဆာန်ဝင်ရောက်ဖျက်ဆီးခြင်း စသည့် အခက်အခဲများကြုံရသည်။ ကျေးရွာသည် နေ့စားအလုပ် သမားများမှ အရင်းအမြစ်ကိုလက်လှမ်းမှီသော်လည်း ကျေးရွာအတွင်းရှိ အလုပ်နှင့်မလုံလောက်သောကြောင့် အခြားကျေးရွာမြို့များသို့သွား၍ အလုပ်လုပ်ရပါသည်။

## ကျေးရွာသမိုင်းအကျဉ်းချုပ်

ဆောင်ဖတ်ခူအမည်ဖြင့် စတင်တည်ထောင်စဉ်ကာလက လွန်ခဲ့သော နှစ်ပေါင်း (၁၉၀၀)ကျော်က ရှမ်းပြည်မြောက်ပိုင်းမှ တဖြည်းဖြည်းဆင်းသက်လာကာ ရေကြည်ရာ မြက်နုရာသို့ တစ်နေရာပြီးတစ်နေရာ ပြောင်းရွှေ့ကာ ရှေ့နာမည်ကိုမယ်ဘဲခုချိန်ထိ ထိုအမည်ကိုခေါ်ထားသည်။ တဖြည်းဖြည်းကလေးသူငယ်များ ပေါများလာပြီး ဆောင်ဖတ်ခူဟူ သောအမည်ကို ပီပြင်အောင်မရေးဘဲ ဆိုလဖဲခိုဟု စာလုံးပေါင်းမှားယွင်းရေးသွင်း ထားသည်မှာ ယခုအချိန်ထိဖြစ်ပါသည်။ သို့သော် ယခုသက်ကြီးရွယ်အိုများကို ရွာအမည်ကိုမေးပါက ဆောင်ဖတ်ခို လို့သာဖြေပါသည်။


ဆောင်ဖတ်ခူမှာ ရှမ်းပြည်မှပြောင်းလာကာစက ကဘရန်းနားဟူသော တောင်ထိပ်တွင် ရွာတည်ပြီး အိမ်ခြေများစွာရှိလျက် လူဦးရေလည်း မြောက်များစွာရှိပါသည်။ ထိုအချိန်တွင်ရေရှားပါးခြင်း ကြောင့်သော်လည်း ကောင်း၊ ပညာရေးသော်လည်းကောင်း၊ ကျန်းမာရေးသော်လည်းကောင်း၊ စီးပွားရေးသော်လည်းကောင်း၊ အမြော်အမြင်မရှိသဖြင့် ကပ်ရောဂါကြောင့်လူမြောက်များစွာ အသက်ဆုံးရှုံးကာတဖြည်းဖြည်း ကဘရန်းနားမှ ကဘရန်းစောင်းတဆင့် အခုဆိုလဖဲခိုရွာကို ၁၈၁၅မှစတင်တည်ထောင်သည်။ ၁၈၃၀ တွင် ကပ်ရောဂါကြောင့်ရွာကို ၁၈၄၅

ဒီးထောင်နားပြောင်းရွှေ့နေထိုင်ပါသည်။ ၁၈၆၁ ခုနှစ်တွင် နတ်ဆိုးကြီးဒဏ်ကြောင့် လူမြောက်များစွာ အသက်ဆုံးရှုံးကာ ၁၉၂၄ ခုနှစ်၊ဒေါစငယ်တွင် ထပ်မံပြောင်းရွှေ့နေထိုင်ပါသည်။ ၁၉၂၈ ခုနှစ်တွင် အိမ်ထောင်စု (၆)စာ စုရုံးပြီး နှစ်ခြင်းခံယူပွဲကျင်းပကာ ၁၉၃၁ခုနှစ်တွင် ဘုရားကျောင်း ဆောက်လုပ်လာခဲ့သည်။ တဖြည်းဖြည်း အိမ်ထောင်သည်များ စုရုံးပြီး(၁၅)အိမ်ထောင်ရှိလာသောအခါ ၁၉၅၁ခုနှစ်၊လောင်းလီနားတွင် ဘုရားကျောင်း အသစ်တစ်လုံးဆောက်လုပ်ခဲ့သည်။ ထပ်၍ သာသနာဘက်တွင် လိုဘာခိုနှင့်ပူးပေါင်းပြီး ၁၉၅၈ တွင် နှစ်ရွာကြား ဘုရားကျောင်း ဆောက်လုပ်ခဲ့သည်။

လိုဘာခိုနှင့်သာသနာစိတ်ဝမ်းကွဲပြီး ၁၉၆၈ခုနှစ် ယခုလက်ရှိရွာအလယ်တွင် ဘုရားကျောင်းပြန်ဆောက်ကာ အခုထိနေထိုင်သွားပါသည်။ ဆိုလဖဲခိုရွာသည် အိမ်ခြေ(၂၅)အိမ် ရှိသောအခါ ရေရှားပါးမှုကြောင့် အချို့အိမ်ထောင်စုသည် လွိုင်နန်းဖသို့ ပြောင်းရွှေ့နေထိုင်သွားပါသည်။ သို့သော် ဆိုလဖဲခိုရွာတွင်နေထိုင်သော အိမ်ထောင်စုများ တဖြည်းဖြည်းစွဲနေပြီး အိမ်ခြေ(၂၂)လုံးရှိလာခဲ့သည်။

ယခုအိမ်ခြေတိုးလာသည်နှင့်အမျှ သားသမီးများလည်း ပညာအရည်အချင်း အနည်းငယ်ရှိလာသဖြင့် လွန်လေပြီးသောဘိုးဘေးလက်ထက်ကလယ်မြေကို ဝမ်းစာအဖြစ် လုပ်ကိုင်စားသောက်ပြီး တောင်ယာကို တစ်နှစ်တစ်နေရာ(ရွှေ့ပြောင်းတောင်ယာ)ကို လုပ်ကိုင်ကြသည့်အတွက် မိသားစုစားဝတ်နေရေးဖူလုံမှုမရှိပါ။ ပညာရေးကိုလည်း လုံးဝ အားပေးမှု မရှိပါ။ ပညာသင်လျှင်လည်း ပညာသီးစာရသည်မဟုတ်ဟု ယူဆလာပါသည်။ အလုပ်လုပ်မှသာစားသောက်ရသည်ဟု ယူဆလာကြသည်။ သို့သော် ယခုဆိုလဖဲခိုကျေးရွာမှာ နေထိုင်ကြသော ရွာသူ၊ သားများသည် ၁၉၉၀ခုနှစ်မှစပြီး မိမိပိုင်ခြံဝိုင်းအတွင်း နှစ်ရှည်ပင်များဖြစ်သော သရက်၊ပိန္နဲ၊ကော်ဖီ စသော အပင်များကို စတင်စိုက်ပျိုးကြရာ အချို့သောမိသားစုများသည် အနည်းငယ်ခံစားရပြီဖြစ်သည်။

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



ဆိုလဖဲခိုကျေးရွာ — ဥစ္စာဓနအဆင့်သတ်မှတ်ခြင်း — ရက်စွဲ - ၁.၁.၂၀၁၇

| အဆင့် | ပိုင်ဆိုင်မှုများ | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | အိမ်(ပျဉ်ထောင်/တိုက်)၊စက်၊ဆိုင်ကယ်၊လယ်(၅)ဧက၊ယာ(၅)ဧက၊နွား(၅)ကောင်၊ဈေးဆိုင်(၁၀ သိန်း အထက်ရင်းနှီးနိုင်သူ) | ၆ | ၁၉.၃၅ % |
| ၂ | အိမ်(ဝါးအိမ်)၊ဆိုင်ကယ်၊[illegible]၊လယ်(၁-၂ဧက)၊ယာ(၁-၂ဧက) | ၁၄ | ၄၅ % |
| ၃ | အိမ်(ဝါးထရံအိမ်)၊ဆိုင်ကယ်။ | ၁၁ | ၃၅.၄၈ % |


ပါဝင်ဆွေးနွေးသူ ကျား - (၁၀)
မ - (၁၅)

## ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

ဆိုလဖဲခိုကျေးရွာတွင် အိမ်ခြေ(၃၁)လုံးရှိသည့်အနက် (၆)အိမ်ထောင်စုမှာ ချမ်းသာသော အိမ်ထောင်စု၊ ပြေလည်သောအိမ်ထောင်စု(၁၄)စု၊ မပြေလည်သော အိမ်ထောင်စု(၁၁)စု ရှိသည်။ ချမ်းသာသော အိမ်ထောင်စုမှာ ပျဉ်ထောင်အိမ်(သို့) တိုက်အိမ်၊ စက်၊ဆိုင်ကယ် ၊လယ်(၅)ဧက၊ ယာ(၅)ဧက၊ နွား(၅)ကောင် ၊ဈေးဆိုင်၊ (၁၀)သိန်းနီးပါး ရင်းနှီးနိုင်သူများဖြစ်ကြသည်။ ပြေလည်သောအိမ်ထောင်ပိုင်ဆိုင်သူများမှာ အိမ်(ဝါး)၊ဆိုင်ကယ်၊ လယ်(၁)ဧကမှ(၂)ဧကကြား၊ ယာ(၁)ဧကမှ(၂)ဧကကြားဖြစ်သည်။ မပြေလည်သောအိမ်ထောင်စုမှ ပိုင်ဆိုင်မှု များမှာ သဲပြားအိမ် ၊ဆိုင်ကယ်တို့ဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် ဆင်းရဲသောအိမ်ထောင်စု(၃၅ . ၄၈%)၊ပြေလည်သောအိမ်ထောင်စု(၄၅ . ၁၆%) နှင့် ချမ်းသာသောအိမ်ထောင်စု (၁၉ . ၃၅%)တို့ဖြစ်သည်။

ဆိုလဖဲခိုကျေးရွာတွင် ဆင်းရဲသောအိမ်ထောင်စုမှာ ချမ်းသာသော အိမ်ထောင်စု ထက်များပြား သောကြောင့်ရွာ၏ ဖွံ့ဖြိုးမှု နှောင့်နှေးနေခြင်းဖြစ်သည်။ စီးပွားရေး အဆင်မပြေခြင်းသည် လုပ်ငန်းအရင်းအနှီး မရှိခြင်း၊ ကြွေးမြီးရှိခြင်းတို့ကြောင့်ဖြစ်သည်။


ကျား/မ ပင့်ကူအိမ်



## ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်

ဆိုလဖဲခိုကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုမှာ တန်းတူညီမျှပူးပေါင်း ပါဝင်လုပ်ဆောင်သည်။ မိမိတို့ဘက်မှ တက်နိုင်သမျှ ကိုယ်စွမ်းဉာဏ်စွမ်း ပူးပေါင်းဆောင်ရွက်သည်။ အမျိုးသမီးများသည် ဦးဆောင်မှုအပိုင်းတွင် အလွန်အားနည်းသည်။ အမျိုးသမီးများ၏ ဦးဆောင်မှုအပိုင်းသည် အမျိုးသားများထက်အား နည်းရခြင်းမှာ အမျိုးသားများ၏ ဩဇာလွှမ်းမိုးမှုအောက်တွင်သာ ရှိခဲ့သောကြောင့်ဖြစ်သည်။ အမျိုးသမီးများ အိမ်မှုကိစ္စများတွင် တာဝန်ယူ ဆောင်ရွက်ရသောကြောင့် လည်းကောင်း၊ လူအများရှေ့တွင် စကားပြောဆိုမှုမရှိသော ကြောင့်လည်းကောင်း ဦးဆောင်နိုင်မှုအားနည်းသည်။ ဝင်ငွေရှာဖွေ နိုင်မှုတွင် အိမ်မှုကိစ္စကြောင့် အလုပ်ထွက်မလုပ်နိုင်ခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်အကိုင် ရှိသော်လည်း လုပ်အားခမှာ အမျိုးသားများထက်နည်းပါးခြင်းမှာ ရှေးရိုးစဉ်လာအရ ခေါက်ရိုးကျိုးနေသောကြောင့် ဖြစ်သည်။ အိမ်မှုကိစ္စတွင် အမျိုးသမီးများသာ ပိုမိုလုပ်ဆောင်ရသည်။ အမျိုးသားများမှာ စားဝတ်နေရေးအတွက် ဝင်ငွေရှာဖွေနေရ သောကြောင့် အိမ်မှုကိစ္စတွင်ပါဝင်လုပ်ဆောင် နိုင်မှုအားနည်းရပါသည်။ အိမ်မှုကိစ္စတွင်သာ လုပ်ဆောင်နေရသော အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့် အလမ်းမှာ အမျိုးသား များထက် နည်းပါးရခြင်းဖြစ်သည်။ မိမိတို့၏ မိသားစုစားဝတ်နေရေးကို ဦးစားပေးကာ ပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ကြားဘဲ အလုပ်လုပ်နေရသောကြောင့် ပညာသင်ကြား ခွင့်မှာ အမျိုးသားများထက် နည်းပါးနေရခြင်းဖြစ်သည်။ ရှေးစဉ်လာအရ အမျိုးသားကိုသာ အမွေပေးသောကြာင့် အမျိုးသမီး များအတွက် အမွေရပိုင်ခွင့် အလွန်နည်းပါးကြပါသည်။ အားနည်းသူများ ဖြစ်သည့်အားလျော်စွာ အမျိုးသမီးများ အတွက် လုံခြုံမှု အလွန်နည်းပါး နေရခြင်း ဖြစ်ပါသည်။

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ



## အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်


လိုဘေခိုကျေးရွာတွင် အဓိကအရေးကြီးသောအဖွဲ့ နှစ်ဖွဲ့ရှိကြောင်း တွေ့ရသည်။ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ဘာသာရေးအဖွဲ့ဟူ၍ဖြစ်သည်။

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှာ အဓိကအရေးကြီးပြီး ကျေးရွာလူထု၏ အဦးဆုံးတွင်ရှိနေ ကြောင်း သိရသည်။ ကျေးရွာအပြင်ဘက်တွင် အုပ်စုအုပ်ချုပ်ရေးမှူးသည် ဒုတိယ အရေးကြီးသည်။

ဘာသာရေးကော်မတီသည်လည်း အဓိကအရေးကြီးပြီး ကျေးရွာလူထုအနီးဆုံးတွင် ရှိသည်။ ဘာသာရေးထဲမှ အမျိုးသမီးအဖွဲ့၊ ဓမ္မပညာဌာနနှင့် လူငယ်ဌာန စသော လုပ်ငန်းများတွင် မရှိမဖြစ်ပါဝင်ကြသောအဖွဲ့များဖြစ်သည်။ အမျိုးသားအဖွဲ့မှာ ဒုတိယ အရေးကြီးသော အဖွဲ့များဖြစ်သည်။

ဖွံ့ဖြိုးရေးအဖွဲ့အနေဖြင့် လူထုဗဟိုပြုစီမံကိန်းမှဖွဲ့စည်းထားသော ကျေးရွာစီထောက်ကော်မတီများ၊ ဆပ်ကော်မတီများ သည်လည်း ကျေးရွာအတွက် အရေးကြီးသည်ဟု ဆွေးနွေးကြသည်။ ကျေးရွာတွင်းတွင် အခြားသောဖွံ့ဖြိုးရေးအဖွဲ့ ဖွဲ့စည်းထားခြင်း မရှိသည်ကိုလည်း တွေ့ရသည်။

## ရာသီခွင်ပြ ပြက္ခဒိန်




## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

**စိုက်ပျိုးရိတ်သိမ်းချိန်**

ဆိုလဖဲခိုကျေးရွာသူ။ သားများသည် အဓိကမြေပဲ၊ ပဲတီစိမ်း၊ ပြောင်းဖူး၊ လယ်စပါးစသည်တို့ကို စိုက်ပျိုးကြသည်။ မေလနှင့်ဇွန်လတွင် မြေပဲ၊ ပဲတီစိမ်း၊ ပြောင်းဖူးတို့ကို စိုက်ပျိုးကြသည်။ ဆန်စပါးကို ဇွန်လနှင့်ဩဂုတ်လတို့တွင် စိုက်ပျိုးကြသည်။ စက်တင်ဘာလနှင့်အောက်တိုဘာလတို့တွင် ပြောင်းဖူးနှင့်ပဲတီစိမ်းတို့ကို ရိတ်သိမ်းပြီး စပါးကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင်ရိတ်သိမ်းကြသည်။

**ပွဲလမ်းသဘင်များ**

ဒီဇင်ဘာလတွင် ခရစ်စမတ်ပွဲတော်ကျင်းပခြင်း၊ ဇန်နဝါရီလတွင် နှစ်သစ်ကူးပွဲကျင်းပခြင်း၊ မတ်လတွင် ဘာသာရေးဌာနချုပ်မှ အစည်းအဝေးပွဲကြီး ကျင်းပခြင်းနှင့် ဧပြီလတွင် လက်ထက်ပွဲများကျင်းပလေ့ရှိသည်။

**ရောဂါဖြစ်ပွားမှု**

ဖေဖော်ဝါရီလ၊ ဇွန်လ၊ နိုဝင်ဘာလ စသည့်လများတွင် ရောဂါဖြစ်လေ့ဖြစ်ထရှိပြီး အဖြစ်များသော ရောဂါများမှာ နှာစေး၊ ဝမ်းပျက်ဝမ်းလျှောတို့ဖြစ်သည်။

**ဝင်ငွေ/ထွက်ငွေ**

လတိုင်းပုံမှန်ဝင်ငွေရှိပြီး အများဆုံးဝင်ငွေရရှိသောလမှာ ဇွန်လ၊ စက်တင်ဘာ လနှင့် အောက်တိုဘာ လတို့ဖြစ်သည်။ ဇူလိုင်လတွင် လုပ်အားခရရှိခြင်း၊ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ထွက်ရှိသီးနှံများ ရောင်းချခြင်းကြောင့်ဖြစ်သည်။ လစဉ်ပုံမှန် ထွက်ငွေရှိပြီး အထွက်များသောလမှာ ဒီဇင်ဘာလဖြစ်ပြီး ဒုတိယထွက်ငွေ အများဆုံးလမှာ ဇွန်၊ ဇူလိုင်၊ စက်တင်ဘာ၊ နိုဝင်ဘာလတို့ဖြစ်သည်။

**လမ်းပန်းဆက်သွယ်ရေး**

မိုးရာသီတွင် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အခက်ခဲဆုံးလမှာ ဇူလိုင်လနှင့် သြဂုတ်လတို့ဖြစ်သည်။

**ရေရှားပါးသောကာလ**

ဇန်နဝါရီလတွင် ရေစတင်ရှားပါးပြီး ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလ၊ မေလ စသည့် လများတွင် ရေရှားပါးသောပြဿနာနှင့်ကြုံတွေ့ရသည်။

**လေပြင်းတိုက်ချိန်**

မိုးဦးကာလဖြစ်သော ဧပြီလနှင့်မေလတွင် လေပြင်းအတိုက်ခတ်ဆုံး အချိန်ဖြစ်သည်။

**အလုပ်များသောကာလ**

ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ အောက်တိုဘာနှင့် ဒီဇင်ဘာစသော လများတွင် ပုံမှန်အလုပ်ရှိပြီး ရာသီသီးနှံစိုက်ပျိုးချိန်နှင့် ရိတ်သိမ်းချိန်မှာလည်း အလုပ်များသည်။ အလုပ်အများဆုံးလမှာ ဇူလိုင်နှင့် နိုဝင်ဘာလ တို့ဖြစ်သည်။

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

ကျေးရွာ ကော်မတီများ စာရင်း

ကျေးရွာ-

ကျေးရွာ အုပ်စု -

| စဉ် | ကော်မတီအမည် | အမည် | အသက် | ရာထူး | မှတ်ပုံတင်နံပါတ် | ဖုန်း | လက်မှတ် |
|---|---|---|---|---|---|---|---|
| ၁။ | ဒီတောက်ဥက္ကဌ | ဦးရှုဖါး | ၅၃ | ဥက္ကဌ | ၂/ဒမဆ၁၄၃၀၁ | 0930462067 | |
| ၂။ | " " | ဒေါ်သောဒီးလျူး | ၃၀ | " | ၂/ဒမဆ(နိုင်)၀၄၈၈၉၃ | | |
| ၃ | အကြံပေး | ဒေါ်ဗယ်ဝါး | ၅၅ | အဖွဲ့ဝင် | " ၀၁၄၂၃၈ | | |
| ၄။ | " " | ဦးကောဒရီ | ၅၄ | " | " ၀၁၄၃၀၄ | | |
| ၅။ | တာဝန်ခံ | ဦးကာရေမူး | ၄၅ | တာဝန်ခံ | " ၀၁၄၂၆၄ | | |
| ၆။ | ဝယ်ယူရေးအဖွဲ့ | ဦးရှဲကျော် | | အဖွဲ့ဝင် | | | |
| ၇။ | " " | ဦးယိုသာ | ၃၀ | " | " ၀၃၉၃၂၁ | | |
| ၈။ | " " | နော်စဲမေရူး | ၂၉ | " | " ၀၄၆၉၆၁ | | |
| ၉။ | ဆောက်လုပ်ရေးကြီးကြပ် | ဦးဒီးရီ | ၅၀ | အဖွဲ့ဝင် | | | |
| ၁၀။ | လုပ်ငန်းစစ်ဆေးရေး | ဦးကောဒရီ | ၅၃ | " | " ၀၁၄၂၉၀ | | |
| ၁၁။ | စောင့်ကြပ်ကြီးကြပ် | ဒေါ်မေမေရူး | ၂၈ | အဖွဲ့ဝင် | " ၀၃၇၅၄၉ | | |
| ၁၂။ | ငွေစာရင်း | ဦးသောရေမူး | ၄၅ | " | " ၀၁၁၀၄၅ | | |
| ၁၃။ | ထိန်းသိမ်းရေး | ဦးဆန်းရေမူး | ၂၅ | အဖွဲ့ဝင် | " ၀၄၈၁၀၉ | 09452339684 | |
| ၁၄။ | ကြီးကြပ်ရေးကော်မတီ | ဒေါ်ခပီးမူး | ၂၉ | " | " ၀၆၃၀၄၉ | | |
| ၁၅။ | စောင့်ကြည့်ရေး | ဦးလှမိုးဦး | ၂၅ | အဖွဲ့ဝင် | " ၀၆၂၄၉၀ | | |
| ၁၆။ | " " | ဒေါ်ခူခူခင် | ၃၃ | အဖွဲ့ဝင် | " ၀၃၆၄၅၈ | | |
| | | | | | | | |
| | | | | | | | |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်စရိး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။*

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦးစိုးဘ | | 09-49240780 | | ဦးကျော်စိုး / ဦးဟာ |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | | ကျေးရွာ ဆိုလပဲခို |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၄၀ | ဘာသာ (၁) ခရစ်ယာန် | ၄၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရေ ------------ | | ဘာသာရေ ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၂ဦး | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ကျား - ၃<br>မ - ၁ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---ကယန်း--------- | ၇၃ | ၇၅ |
| လူမျိုးစု (၂) ---------------------- | | |
| လူမျိုးစု (၃) ---------------------- | | |
| လူမျိုးစု (၄) ---------------------- | | |
| လူမျိုးစု (၅) ---------------------- | | |
| အိမ်ထောင်ဦးစီး | ၂၈ | ၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☐ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☐ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | | မှတ်ချက် | | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် [illegible] | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ဆိုလဖဲခိုကျေးရွာ ၊ မြလဲကျေးရွာအုပ်စု

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ဝိုင်းပါ ရှိပါသည်/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၁၁ --------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

မိုးရာသီတွင်ကြာချိန်------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှည်း/မော်တော်ဘုတ်/ အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) VDC. (CSSDD)

(၂) ----------------------------

ကျေးရွာခေါင်းဆောင် — အမည် ---------- လက်မှတ် ---------- နေ့စွဲ

လူထုစည်းရုံးရေးမှူး — အမည် ---------- လက်မှတ် ---------- နေ့စွဲ

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား   (PC-၂)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)*

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။* | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကျော်ဇော်မိုင်းဘာ | | | |
| နေ့စွဲ ၁.၁.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☑စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း (၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြလဲ | ကျေးရွာ ဆိုလဖဲခို |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁.၁.၂၀၁၇ | ၁.၁.၂၀၁၇ | ၁၀ | ၁၅ | ၂၅ | ကယန်း ၊ ၂၅ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁.၁.၂၀၁၇ | ၁.၁.၂၀၁၇ | ၁၀ | ၁၅ | ၂၅ | ကယန်း ၊ ၂၅ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁.၁၇ | ၁၀.၁.၁၇ | - | - | - | - ၊ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | ၊ |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

*ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်* (Form PC 3)

*လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။*

| | | | |
|---|---|---|---|
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဝေလှထွန်းပါ | | | |
| နေ့စွဲ ၁.၁.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု ဖြူလဲ | ကျေးရွာ ဆိုလဖော်ဆို |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | စားဝတ်နေရေး | ၁ | စားဝတ်နေရေး |
| ၂ | လမ်းပန်းဆက်သွယ်ရေး (ကားလမ်း) | ၂ | သုံးစွဲငွေနည်းသည် |
| ၃ | ဗဟုသုတနည်းပါးခြင်း | ၃ | ကျန်းမာရေး |
| ၄ | သောက်သုံးရေ | ၄ | စည်းလုံးညီညွတ်မှုမရှိခြင်း |
| ၅ | မျိုးစေ့မရှိ | ၅ | အသင်းအဖွဲ့ [illegible] |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | စာကြည့်တိုက်ရှိလာပြီး ဗဟုသုတတိုးပွားလာမည် | ၁ | ကျန်းမာရေးအသိပညာ တိုးပွားလာမည် |
| ၂ | သောက်သုံးရေလုံလောက်လာမည် | ၂ | အပြည့်အဝ မှန်ကန်စွာလုပ်ကိုင်မှု ငွေများရရှိလာမည် |
| ၃ | မျိုးစေ့ဖိုး အဆင်ပြေလာမည် | ၃ | ကျေးရွာစည်းလုံးမှုရှိလာမည် |
| ၄ | ကားလမ်းကောင်းလာမည် | ၄ | စာကြည့်တိုက်ရှိလာပြီး ဗဟုသုတတိုးပွားလာမည် |
| ၅ | စားဝတ်နေရေး အဆင်ပြေလာမည် | ၅ | စည်းစနစ်ကျသောလူနေမှု ဘဝရှိလာမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လမ်းပြုပြင်ခြင်း (ကျောက်ချော) | ကျား + မ | ၇၅၀၀၀၀၀ | |
| ၂ | ရေဖြန့်ဝေရေးပိုက်သွယ်ခြင်း | " | ၉၀၀၀၀၀၀ | |
| ၃ | ခန်းမဆောင် | " | ၈၀၀၀၀၀၀ | |
| ၄ | စာကြည့်တိုက် | " | ၅.၀၀၀၀၀၀ | |
| ၅ | | | | |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | အိမ်သစ်ဆိုင်းမြဲ၊ လမ်းဖော | (က+မ) | |
| ၂ | အလှူငွေအကိုင်အတွင်းအသေမ်းဂျက် | (က ) | |
| ၃ | ရေ | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |
| ၁၁ | | | |
| ၁၂ | | | |

ဥက္ကဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးတူဖော:--- လက်မှတ် ---Tulah--- နေ့စွဲ---၁.၁.၂၀၁၇---

## နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လမ်းပြုပြင်ခြင်း (ကျောက်ချော) | ☑ မ ☑ ကျား | | |
| | ၂ | [illegible] | ☑ မ ☑ ကျား | | |
| | ၃ | [illegible] | ☑ မ ☑ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | [illegible] | ☑ မ ☑ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | [illegible] | ☑ မ ☑ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

တက်ရောက်သူဦးရေ - ကျား (၁၀) + မ (၁၅) = (၂၅) ဦး

၁.၁.၂၀၁၇ တွင် ဆိုလဖဲခိုကျေးရွာ၌ အစည်းအဝေးကျင်းပရာ အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပေးခဲ့သည်။

အစီအစဉ်အရ ကျေးရွာကိုယ်စားလှယ်တစ်ဦးမှ အဖွင့်ဆုတောင်းခြင်းဖြင့် အစပြုသည်။ ကျေးရွာစီထောက်ကော်မတီ ဝင်တစ်ဦးမှ အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်ပြီး အုပ်စုအုပ်ချုပ်ရေးမှူး ဦးအယ်ပူးမှ စီမံကန်းနှင့်ပတ်သက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

လူထုစည်းရုံးရေးမှူး ဦးဂျော့စမိုင်းယာမှ စီမံကိန်းမိတ်ဆက်ခြင်းအစီအစဉ်ကို ဦးဆောင်ခဲ့သည်။ ထို့နောက် လက်ထောက်နည်းပညာမှူး ဒေါ်ကဇယ်ဖောမှ စီမံကန်းစက်ဝန်းအကြောင်း ရှင်းပြသည်။ ဆက်လက်ပြီး လူထုစည်းရုံးရေးမှူး ဒေါ်စတယ်လာမှ စီမံကန်းတွင်အဓိကပါဝင်သူများနှင့် တာဝန်ဝတ္တရားများကို ရှင်းပြခဲ့သည်။ ထို့နောက် ကျေးရွာစေတနာ့ဝန်ထမ်းပြန်လည်ရွေးချယ်ခြင်းနှင့် ကော်မတီများပြန်လည်ရွေးချယ်ခြင်းအစီအစဉ်ကို ပြုလုပ်ကြသည်။

ဆက်လက်ပြီး အစီအစဉ်အရ ကျေးရွာလူထုများပူးပေါင်းပါဝင်သည့် လူထုဆန်းစစ်ခြင်း PSA/PRA ဖြစ်သော (၁)ကျေးရွာမြေပုံ၊ (၂)ရာသီခွင်ပြပြက္ခဒိန်၊ (၃)ပင့်ကူအိမ်သုံးသပ်ခြင်း၊ (၄)အဖွဲ့အစည်းချိတ်ဆက်မှုသုံးသပ်ချက်၊ (၅)ပိုင်ဆိုင်မှုသုံးသပ်ချက် စသည်တို့ကို ဝိုင်းဝန်းဆွေးနွေးကြသည်။ ဆက်လက်ပြီး ကျေးရွာ၏လက်ရှိတွင် ကြုံတွေ့ရသော အခက်အခဲများကို ဖော်ထုတ်ကြသည်။ ထို့နောက် ထိုအခက်အခဲများပြေလည်စေရန် လာမည့်(၅)နှစ်အတွင်း ကျေးရွာ၏မျှော်မှန်းချက်များကို ဖော်ထုတ်ကြသည်။ ထို့နောက် လုပ်ငန်းများကို အဆိုပြုကြသည်။

ထို့နောက် လက်ထောက်နည်းပညာမှူး ဒေါ်ကဇယ်ဖောမှ အကျုံးမဝင်သောလုပ်ငန်းများကို ရှင်းပြခဲ့သည်။ ဆက်လက်ပြီး ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းကို အတည်ပြုခဲ့ကြသည်။ ထို့နောက် လက်ထောက်နည်းပညာမှူးမှ အကာအကွယ်နှင့်ပတ်သက်ပြီး ရှင်းပြကာ အစည်းအဝေးရုပ်သိမ်းခဲ့သည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးဂျော့စမိုင်းယာ

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြ သယံဇာတပြမြေပုံ (Socila map/ Resources Map) | ၁-၁ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များ အားလုံး | ၁၀ | ၁၅ | ၂၅ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၁-၁ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၁၀ | ၁၅ | ၂၅ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင် ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၁-၁ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၀ | ၁၅ | ၂၅ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦး စသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၁-၁ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၁၀ | ၁၅ | ၂၅ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိ သည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၁-၁ ၂၀၁၇ | ကျေးရွာအုပ်ချုပ် ရေးအဖွဲ့ ကျေးရွာ စီထောက်အဖွဲ့၊ ကျေးရွာလူထု | ၁၀ | ၁၅ | ၂၅ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်း များနှင့် မည်သို့သောလုပ်ငန်းများ အတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၁-၁ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သား ဆင်းရဲနွမ်းပါးသူ | ၁၀ | ၁၅ | ၂၅ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင် ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုး |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| | | | | | | | ကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၁-၁ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၁၀ | ၁၅ | ၂၅ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၁-၁ ၂၀၁၇ | ကျေးရွာလူထု အားလုံး | ၁၀ | ၁၅ | ၂၅ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၁-၁ ၂၀၁၇ | ရွာလူထု အားလုံး | ၁၀ | ၁၅ | ၂၅ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၁-၁ ၂၀၁၇ | ရွာလူထု အားလုံး | ၁၀ | ၁၅ | ၂၅ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | ၁-၁ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၁၀ | ၁၅ | ၂၅ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |